**ပြည်သူ့လွှတ်တော်နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာပွင့်ဆန်း**

**ဦးဆောင်သည့် မြန်မာလွှတ်တော် ကိုယ်စားလှယ်အဖွဲ့ အိန္ဒိယနိုင်ငံသို့ သွားရောက်**

ရန်ကုန်၊ စက်တင်ဘာ ၁

မြန်မာ-အိန္ဒိယ လွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှုကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာပွင့်ဆန်း ခေါင်းဆောင်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ ပါဝင်သော အဖွဲ့သည် အိန္ဒိယနိုင်ငံ ၊ နယူးဒေလီမြို့၌ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့မှ ၈ ရက်နေ့အထိ ဖွင့်လှစ်မည့် “ Capacity Development Programme” သို့ တက်ရောက်ရန် ယနေ့ နံနက် ၁၁း၂၅ နာရီ၌ ရန်ကုန်လေဆိပ်မှ ထွက်ခွာခဲ့ပါသည်။ ခရီးစဉ်အတွင်း အိန္ဒိယနိုင်ငံ၏ လွှတ်တော်ဆိုင်ရာလုပ်ငန်းစဉ်များ၊ ဥပဒေပြုရေး၊ ကော်မတီစနစ်နှင့် ဘတ်ဂျက်ရေးဆွဲခြင်းဆိုင်ရာများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေအကြောင်းအရာများကို လေ့လာနိုင်မည်ဖြစ်ကြောင်း သတင်းရရှိပါသည်။